မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် စာအမှတ်၊ ရက်စွဲ၊ နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ညွှန်ကြားချက်အမှတ်၊ ၂ / ၂၀၁၉

၁၃၈၁ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ "စီးပွားရေးလုပ်ငန်းရှင်များ" လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်**

၁။ စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁ ၊ ပုဒ်မခွဲ (ခ) အရ ဤဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်သည့်ပြီးသည့်နေ့ရက်ဖြစ်သော ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှ စတင်၍ အာဏာတည်မည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၄၃ အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်များတွင် အောက်ပါအချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက် ဖြစ်စေ ဖော်ပြရာ၌ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကုန်စည်အမျိုးအစားအလိုက် အသေးစိတ်ညွှန်ကြားချက်ကို နောက်ဆက်တွဲပါဇယားအတိုင်း ထုတ်ပြန်လိုက်သည်-

(က) ကုန်စည်၏ အမျိုးအမည်၊

(ခ) အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊

(ဂ) ထားသိုသိမ်းဆည်းမှုအညွှန်း၊

(ဃ) သုံးစွဲပုံနည်းလမ်း၊

(င) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊

(စ) ဓါတ်မတည့်ကြောင်းဖော်ပြချက်၊

(ဆ) ကြိုတင်သတိပေးချက်။

၃။ အထက်အပိုဒ်(၂)ပါ ထုတ်ပြန်ချက်ကို လိုက်နာမှုမရှိပါက စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၇၃ အရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန် နောက်ဆက်တွဲပါ ဇယားအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

(ပုံ)

ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

# ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရမည့် အသေးစိတ်စိစစ်ချက်

## ကုန်စည်အုပ်စု(က)အစားအသောက်များ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင်ပမာဏ | သုံးစွဲပုံနည်းလမ်း | ထားသိုသိမ်းဆည်းမှုအညွှန်း | ဓါတ်မတည့်ကြောင်းဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | အချိုရည်နှင့် ယိုမျိုးစုံ | | | | | | | |
| | (က) အသင့်သောက်အချိုရည် | ✔ | ✔ | ✘ | ✔ | ✔ | ✘ | ✘ |
| | ( ခ ) Cordial, Squash, Concentrate | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၂) | နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✔ |
| (၃) | အသားနှင့် အသားထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✘ | ✘ | ✘ |
| (၄) | ရေထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✘ | ✘ | ✘ |
| (၅) | ဥ နှင့် ဥထွက်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✔ | ✘ | ✘ |
| (၆) | စည်သွပ်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၇) | စားသုံးဆီအမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✘ | ✘ | ✘ |
| (၈) | အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✘ |
| (၉) | အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✘ |
| (၁၀) | အရန်သင့်အစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၁၁) | အေးခဲအစားအစာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၁၂) | သောက်ရေသန့်အမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✘ | ✘ | ✘ |
| (၁၃) | ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသောပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၁၄) | ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၁၅) | အသင့်စားမုန့်အမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✔ | ✘ | ✘ |
| (၁၆) | ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| (၁၇) | ကွမ်းစားဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| (၁၈) | ဆေးလိပ်အမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✔ | ✔ | ✔ |

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်းဆည်းမှု အညွှန်း | ခံတော်မတည့်ကြောင်း ဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁၉) | ယမကာအမျိုးမျိုး | ✔ | ✔ | ✘ | ✔ | ✔ | ✘ | ✘ |
| (၂၀) | အခြားပြုပြင်ထုပ်ပိုး/ထုတ်လုပ်ထားသောစားသောက်ကုန် အမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |

## ကုန်စည်အုပ်စု(ခ) အိမ်သုံးပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်းဆည်းမှု အညွှန်း | ခံတော်မတည့်ကြောင်း ဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✘ | ✔ |
| (၂) | အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✘ | ✔ |

## ကုန်စည်အုပ်စု(ဂ) ကလေးအသုံးအဆောင်ပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်းဆည်းမှု အညွှန်း | ခံတော်မတည့်ကြောင်း ဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | ကလေးလက်တွန်းလှည်းပစ္စည်း အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✔ |
| (၂) | ကလေးလမ်းလျှောက်ကွင်းပစ္စည်း အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✔ |
| (၃) | ကလေးကစားစရာအရုပ်နှင့် ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✘ | ✔ |
| (၄) | ကလေးပုခက်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✔ |
| (၅) | ကလေးတစ်ကိုယ်ရေသန့်ရှင်း ရေးသုံး ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |

## ကုန်စည်အုပ်စု(ဃ) ဆက်သွယ်ရေးပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်းဆည်းမှု အညွှန်း | ခံတော်မတည့်ကြောင်း ဖော်ပြချက် | ဘေးထွက်ဆိုးကျိုး | ကြိုတင်သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | ကြိုးဖုန်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✘ |
| (၂) | ကြိုးမဲ့ဖုန်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✔ | ✘ |

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်း ဆည်းမှု အညွှန်း | ဓါတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၃) | လက်ကိုင်ဖုန်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✔ | ✘ |
| (၄) | ဖုန်းဆက်စပ်ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✘ |

## ကုန်စည်အုပ်စု(င) ဆေးဝါးနှင့်ဖြည့်စွက်စာများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်း ဆည်းမှု အညွှန်း | ဓါတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးသောက်ဆေး အမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✔ | ✔ |
| (၂) | ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးလိမ်းဆေး အမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✔ | ✔ |
| (၃) | အာဟာရဖြည့်စွက်စာအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✔ | ✔ |
| (၄) | တိုင်းရင်းဆေးအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✘ | ✔ | ✔ |

## ကုန်စည်အုပ်စု(စ) အလှကုန်ပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်း ဆည်းမှု အညွှန်း | ဓါတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ် အထက်) | ✔ | ✔ | ✔ | ✔ | ✔ | ✘ | ✘ |
| (၂) | အလှကုန်ပစ္စည်းအမျိုးမျိုး (၁၀ ဂရမ် နှင့် အောက်) | ✔ | ✔ | ✔ | ✘ | ✘ | ✘ | ✘ |
| (၃) | ဆံပင်ပြုပြင်ရန်သုံးစွဲပစ္စည်း အမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✘ |

## ကုန်စည်အုပ်စု(ဆ) လူသုံးကုန်ပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား၊ အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်း ဆည်းမှု အညွှန်း | ဓါတ်မတည့် ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေး ချက် |
|---|---|---|---|---|---|---|---|---|
| (၁) | သွားတိုက်ဆေးအမျိုးမျိုး | ✔ | ✔ | ✘ | ✘ | ✔ | ✘ | ✘ |
| (၂) | ဆပ်ပြာအရည်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✔ | ✘ | ✘ |
| (၃) | ဆပ်ပြာအခဲအမျိုးမျိုး | ✔ | ✔ | ✘ | ✘ | ✔ | ✘ | ✘ |
| (၄) | ဆပ်ပြာအမှုန့်အမျိုးမျိုး | ✔ | ✔ | ✔ | ✘ | ✔ | ✘ | ✘ |

## ကုန်စည်အုပ်စု(၈) လုပ်ငန်းသုံးပစ္စည်းများ

| စဉ် | ကုန်ပစ္စည်း | အမျိုးအမည် | အရွယ်အစား အရေအတွက်၊ အသားတင် ပမာဏ | သုံးစွဲပုံ နည်းလမ်း | ထားသိုသိမ်းဆည်းမှု အညွှန်း | ဓါတ်မတည့်ကြောင်း ဖော်ပြချက် | ဘေးထွက် ဆိုးကျိုး | ကြိုတင် သတိပေးချက် |
|---|---|---|---|---|---|---|---|---|
| (၁) | စိုက်ပျိုးရေးသုံး ဆေးဖြန်းကိရိယာ အမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |
| (၂) | ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင် ပစ္စည်းအမျိုးမျိုး | ✔ | ✔ | ✔ | ✔ | ✔ | ✔ | ✔ |

မှတ်ချက်။ (၁) (✔) သည် မဖြစ်မနေဖော်ပြရန်လိုအပ်သည့် အညွှန်းအမှတ်အသားဖြစ်ပြီး (✘) သည် မဖြစ်မနေဖော်ပြရန်မလိုအပ်ဘဲဖော်ပြလိုကဖော်ပြနိုင်သည့် အညွှန်းအမှတ် အသားဖြစ်ပါသည်။

(၂) မြန်မာဘာသာဖြင့်ဖော်ပြရာတွင် သာမန်မျက်စိဖြင့်မြင်နိုင်သော စာလုံးအရွယ်အစား ဖြစ်ရမည်။

(၃) မြန်မာဘာသာဖြင့် ဖော်ပြရာတွင် ကုန်စည်အမျိုးအစားနှင့် အရွယ်အစားအပေါ် အခြေခံ၍ ဖော်ပြရန်လိုအပ်သည့် အချက်အလက်များကိုစားသုံးသူသို့ လက်လီရောင်းချမည့် ကုန်စည်၏ထုပ်ပိုးပစ္စည်းပေါ်တွင် ဖော်ပြရန်။

(၄) ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များဖော်ပြရန် မဖြစ်နိုင်ပါက ကုန်စည်အမျိုးအစားနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်/ အညွှန်းတို့ဖြင့် ဖော်ပြပြီးကုန်စည်နှင့်အတူစားသုံးသူသို့ တပါတည်းပေးအပ်ရန်။

(၅) ပြည်ပမှ တင်သွင်းဖြန့်ဖြူးသည့် ကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ဈေးကွက်ဖြန့်ဖြူးခြင်း မပြုမီပြုပြင်ရန်။
(ထပ်ပိုးကပ်ခြင်း သို့မဟုတ် ထုပ်ပိုးပစ္စည်းအသစ်အသုံးပြုခြင်း)

(၆) သက်ဆိုင်ရာဌာနများမှ ကြီးကြပ်ကွပ်ကဲသည့် ကုန်ပစ္စည်းများအတွက် ၎င်းဌာနများ၏ ညွှန်ကြားချက်အတိုင်းလိုက်နာရန်နှင့် ၎င်းညွှန်ကြားချက်နှင့်အညီ ဤအမိန့်ကြော်ငြာစာပါ ဖော်ပြရန်အချက်များအား မြန်မာဘာသာဖြင့် ဖော်ပြရန်။

(၇) ကျန်းမာရေးအထောက်အကူပြုအသုံးအဆောင် ပစ္စည်းအမျိုးမျိုးတွင် ဆရာဝန်/ ကျန်းမာရေးဝန်ထမ်းတို့၏ ညွှန်ကြားချက်မပါဘဲအသုံးပြုနိုင်သည့် အိမ်သုံးသွေးပေါင်ချိန်စက်၊ အိမ်သုံးသွေးချိုတိုင်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကိုယ်ဝန်ရှိ/မရှိဆီးစစ်တံ၊ ကွန်ဒုံး၊ ကိုယ်ပူချိန်တိုင်းကိရိယာစသည့် မိသားစုသုံးပစ္စည်းများကိုဆိုလိုသည်။